**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**
**အမှတ်စဉ်( ၂၂ ) ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) သင်တန်းသားများခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ( ၁၈ )ရက်နေ့မှ စတင်၍ အောက်ဖော်ပြပါ ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) ဆိုင်ရာသင်တန်းများကို ကိုဗစ်စည်းကမ်းများနှင့်အညီ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည်။

**ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) ဆိုင်ရာ သင်တန်းများ**

(က) နေရောင်ခြည်စွမ်းအင်နည်းပညာလက်တွေ့အသုံးချသင်တန်း

(ခ) စပါးခွံလောင်စာသုံးဓာတ်ငွေ့ထုတ်စက် နှင့် ဇီဝဓာတ်ငွေ့ကန်တည်ဆောက်ခြင်း လက်တွေ့အသုံးချ သင်တန်း

၂။ ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည် -

(က) လျှောက်ထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ တင်ပြနိုင်ရမည်။)

(ခ) လျှောက်ထားသူများသည် အနည်းဆုံး အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ (သို့မဟုတ်) အစိုးရနည်းပညာအထက်တန်းကျောင်း(GTHS) အောင်မြင်ပြီးသူ ဖြစ်ရမည်။ (ပညာရေးဆိုင်ရာ အထောက်အထားမူရင်း တင်ပြနိုင်ရမည်။)

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက် (မူရင်း) တင်ပြနိုင်သူဖြစ်ရမည်။

(ဃ) သင်တန်းချိန်များကို လူကိုယ်တိုင် အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။ (သတ်မှတ်သင်တန်းချိန်မပြည့်မီပါက အောင်လက်မှတ်ထုတ်ပေးမည် မဟုတ်ပါ။)

(င) သင်တန်းအမျိုးအစား တစ်ခုအတွက် သင်တန်းကြေး ၅၀၀၀၀ိ/ (ငါးသောင်း)ကျပ် ပေးသွင်းရမည်။

၃။ သင်တန်းချိန်မှာ နံနက် (၉း၀၀)နာရီမှ နေ့လည်(၁၂း၀၀)နာရီအထိ အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ (၁၀)ရက် ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ဤကြော်ငြာပါသည့်နေ့မှစ၍ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန တွင် အခမဲ့ရယူနိုင်ပြီး သတ်မှတ်ပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားရမည် ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း (သို့) ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)၊ ပတ်စပို့အရွယ်ရောင်စုံဓါတ်ပုံ(၃)ပုံ တို့ကို ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၇၇၇၃၂၅၆၇၁၊ ၀၉-၉၄၂၆၇၇၈၈၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။